# ဗန်းမော်တင်အောင် (သို့မဟုတ်) တခေတ်မှာတယောက် ထွန်းတောက်သူ

ဇင်လင်း

အောက်တိုဘာလ (၂၃) ရက်နေ့ဟာ မမေ့ နိုင်စရာနေ့တွေထဲက နေ့တနေ့ပါပဲ။ ၂၀၀၅ ခုနှစ် အောက်တိုဘာလ (၂၃) ရက်နေ့ဆိုရင် ဆရာ ဗန်းမော်တင်အောင် ကွယ်လွန်ခဲ့တာ (၂၇) နှစ် ပြည့်ပါပြီ။ ကိုယ်ကျင့်သီလ တည်ကြည်မှုအရပဲကြည့်ကြည့်၊ ကိုယ်ကျိုးမရှာ အနစ်နာခံနိုင်မှုအရပဲ ကြည့်ကြည့်၊ ယုံကြည်ချက်မြဲခိုင်မှုအရပဲကြည့်ကြည့်၊ သမိုင်းရေးတာဝန် ကျေပွန်မှုအရပဲကြည့် ကြည့်၊ ဗန်းမော်တင်အောင်ဟာ စံပြုလောက်တဲ့ အရည်အချင်းတွေနဲ့ ပြည့်မီတဲ့ တိုင်းပြုပြည်ပြု စာရေးဆရာတယောက်ဖြစ်တယ်လို့ သူနဲ့ ခေတ်ပြိုင်ပုဂ္ဂိုလ်တွေက ပြောကြပါတယ်။ ဒါ့အပြင် ဗန်းမော်တင်အောင်ဟာ သူ့ခေတ် လူငယ်ထုကိုလည်း အတွေးအခေါ်အရ ရှေ့ဆောင်နိုင်သူ ဖြစ်ပါ တယ်။

ဆရာဟာ အသက် (၁၈) နှစ်အရွယ်ကတည်းက မြန်မာ့အလင်းသတင်းစာမှာ အလုပ်သင် သတင်းထောက်အဖြစ် စတင်ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန် ၁၉၄၁– ၄၂ ကာလမှာ ဗြိတိသျှ အထက်ဗမာပြည်တပ်ရင်းမှာ တပ်စုမှူးအဖြစ် စစ်မှုထမ်းခဲ့ဖူးတယ်။ အဲဒီ စစ်တပ်အတွေ့အကြုံတွေကို သူ့ရဲ့ 'လွမ်းရစ်တော့သက်လှယ်ရယ်' ဝတ္ထုမှာ ထင်ဟပ်ရေးဖွဲ့ထား တာ တွေ့နိုင်ပါတယ်။ ဆရာဟာ စတီးဘရားသား သစ်ကုမ္ပဏီမှာလည်း အလုပ်လုပ်ခဲ့ဖူးပါတယ်။ ၁၉၄၉ မှာ စာပေနယ်ထဲကို ခြေစုံပစ်ဝင်ခဲ့တယ်။ အဲဒီနှစ်မှာ တာရာမဂ္ဂဇင်း လက်ထောက်အယ်ဒီ တာ ဖြစ်လာပါတယ်။ တာရာမဂ္ဂဇင်းအယ်ဒီတာ ဖြစ်ချိန်မှာ ဆရာ့ရဲ့ စာပေဘဝသက်တမ်းဟာ (၁၀) နှစ်တင်းတင်းပြည့်ပါပြီ။ ဂျပန်တော်လှန်ရေးပြီးချိန် ၁၉၄၅ ကုန်ခါနီးမှာ 'နော်မူဂေး' ဝတ္ထုကို ဗန်းမော်တင်အောင် ကလောင်အမည်နဲ့ စတင်ရေးသားခဲ့တယ်။ ၁၉၄၆ ခုနှစ်မှာထုတ်ဝေတဲ့ ဆရာ့ ပထမဆုံး လုံးချင်းဝတ္ထု 'ဘုန်းမောင့်တယောက်ထဲရယ်' ဟာ သူ့ခေတ်က လူငယ်တွေအပေါ်မှာ အတော်ဩဇာသက်ရောက်မှု ရှိပါတယ်။ စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်က သူ့ကလောင်နာမည် ကို အဲဒီဝတ္ထုထဲက ဇာတ်လိုက်ရဲ့နာမည်ကို ယူထားခြင်းဖြစ်ကြောင်း ပြောဖူးပါတယ်။

၁၉၄၇ ခုနှစ်မှာ 'ဘုန်းမောင့်တယောက်ထဲရယ်' ဝတ္ထုထွက်လာတော့ တာရာမဂ္ဂဇင်းမှာ ဆရာ ဒဂုန်တာရာရဲ့ ဝေဖန်ချက် ပါလာပါတယ်။ 'ဤဝတ္ထုသည် ဗန်းမော်တင်အောင်၏ ပထမဆုံး ဝတ္ထု ရှည်ကြီးဖြစ်ပေသည်။ အခန်းခွဲပုံ၊ ဇာတ်လမ်းအချိတ်အဆက်တို့မှာ ခေတ်ဆန်သည်၊ ရေးပုံသားပုံ မှာလည်း ခေတ်ဆန်သည်။ ဝတ္ထုတွင် အယူအဆ၊ အထူးသဖြင့် နိုင်ငံရေးအယူအဆများ ထည့်သွင်း ရေးသားပုံမှာ ထူးခြားပေသည်။ ဗန်းမော်တင်အောင်သည် မကြာမီ ဆန်းလာတော့မည့် စာပေသစ် ကောင်းကင်ဝယ် ကြယ်တပွင့်အဖြစ် ထွန်းတောက်၍ နေပေလိမ့်မည်ဟု မျှော်လင့်မိပေသည်' လို့ ဆရာဒဂုန်တာရာက ဝေဖန်ပါတယ်။

၁၉၅၀ ခုနှစ်မှာ 'လွမ်းရစ်တော့သက်လှယ်ရယ်' 'ဒေါက်တာရေချမ်း' နဲ့ 'မုန်တိုင်းထဲကလူ' ဆိုတဲ့ ဝတ္ထုရှည်ကြီး (၃) ပုဒ်ထွက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဆရာ့နာမည်ဟာ လူငယ်တွေပါးစပ် ဖျားမှာ ထင်ရှားနေခဲ့ပြီ ဖြစ်ပါတယ်။ ဒီတုန်းက ဆရာ့အသက်ဟာ (၃၀) ပဲ ရှိပါသေးတယ်။ အသက် (၃၀) အရွယ်မှာ ဆရာဟာ အောင်မြင်တဲ့စာရေးဆရာတယောက် ဘာကြောင့်ဖြစ်လာရသလဲ ဆိုတာကို ဆရာဒဂုန်တာရာရဲ့ ဝေဖန်ချက်မှာ တွေ့နိုင်ပါတယ်။ 'မုန်တိုင်းထဲကလူ' ဝတ္ထုကို ဆရာ ဒဂုန်တာရာက အခုလို ဝေဖန်ပြပါတယ်။

'ယခုခေတ်တွင် ဗန်းမော်တင်အောင်သည် ထင်ရှားကျော်စောသော ဝတ္ထုရေးဆရာတဦး ဖြစ်ပေသည်။ အထူးသဖြင့် ပညာတတ်လူငယ်ပိုင်းက သူ့ကို အသဲစွဲကြိုက်ကြသည်။ ဗန်းမော် တင်အောင်ကို ဘာကြောင့်စွဲကြသလဲ၊ သူ၌ စွဲလမ်းအောင် ရေးတတ်သောဟန်ရှိသည်။ သူ၏ စာဟန်မှာ ချစ်စရာကောင်းသည်။ ဖက်ဆစ်တော်လှန်ရေးအပြီး တက်ကြွလှုပ်ရှားလာသော အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများကို ခြယ်ရေးပြသည်။ အောင်ဆန်း–အက်တလီစာချုပ် ခေတ်ရှိ မြန်မာ့နိုင်ငံရေး လှုပ်ရှားမှုများကို ဖော်ပြသည်။ ဗန်းမော်တင်အောင်သည် ယခုဝတ္ထု အရေး အသားတွင် များစွာပင် တည်ငြိမ်လေးနက်လာသည်။ တက်ကြွအောင် လှုံ့ဆော်နိုင်စွမ်းရှိလာသည်။ ယခင်က သူသည် အနွံ့အနှောင်း၊ အပျော့အပျောင်းကိုသာ ရေးသားခဲ့သည်။ ယခုကား စာရေးဆရာ ၏ လူမှုဆက်ဆံရေးတာဝန်ကို သိမြင်လာလေပြီ။ သိမြင်သည့်အလျောက် ဖော်ပြနိုင်စွမ်း ရှိလာပေ ပြီ။ အတွေးသစ်၊ အရေးသစ်တို့ဖြင့် သူ ရင့်သန်လေပြီ။ နောင်အခါ ဗန်းမော်တင်အောင်သည် စာပေ သစ်၏ အင်အားစုဝယ် ကြီးမားလေးနက်သောအခန်းက ပါဝင်ပါစေသတည်း။'

ဒီဝေဖန်ချက်ကိုကြည့်ရင် ဆရာ ဗန်းမော်တင်အောင်ဟာ ဘာကြောင့် သူ့ခေတ်သူ့အခါက လူငယ်ထုရဲ့စွဲလမ်းနှစ်သက်မှုကို ခံယူခဲ့ရတယ်ဆိုတာ ပေါ်လွင်နေပါတယ်။ ဆရာဟာ သူဖြတ်သန်း ခဲ့ရတဲ့ ခေတ်အဆက်ဆက်မှာ အမြဲတမ်း လူထုဘက်ကရပ်ခဲ့တဲ့ စာရေးဆရာဖြစ်တယ်။ ဒါကြောင့် လည်း ဆရာဟာ တိုင်းပြည်လွတ်လပ်ရေး ရရှိပြီးချိန်ကစပြီး ထောင်ထဲကို ဝင်ချီ ထွက်ချီ နေခဲ့ရတာ ဖြစ်ပါတယ်။

၁၉၅၀–၅၁ မှာ ဆရာဟာ 'မြန်မာနိုင်ငံ စာရေးဆရာအသင်း' ရဲ့ ဒုတိယဥက္ကဋ္ဌ ဖြစ်ခဲ့ပါတယ်။ အဲဒီနှစ်မှာပဲ နာမည်ကျော် 'လင်းယုန်ဂျာနယ်' ကို ထုတ်ဝေခဲ့တယ်။ ဒါ့အပြင် ၁၉၅၀ နဲ့ ၁၉၆၀ ကြားမှာ ဗမာစာပေမဂ္ဂဇင်း၊ လင်းယုန်သတင်းစာ စတာတွေလည်း ထုတ်ဝေခဲ့သေးတယ်။ ဗန်းမော် တင်အောင်ကို သူ့ခေတ်လူထုက ပြည်သူ့စာရေးဆရာအဖြစ် လက်ခံထားခဲ့ကြတယ်။ ဘာကြောင့် လဲဆိုတော့ ဆရာဟာ စာရေးသားခြင်းအပြင် ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေမှာ အမြဲပါဝင်သူဖြစ်လို့ ပါပဲ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဦးဆောင်တဲ့ 'မြန်မာနိုင်ငံလုံးဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်' မှာ ၁၉၅၁ ကနေ ၁၉၆၃ အထိ ဆရာဟာ ကော်မတီဝင်တဦး ဖြစ်ပါတယ်။ ၁၉၅၇– ၆၃ ကာလမှာလည်း ဆရာဟာ မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ရဲ့ အတွင်းရေးမှူးတာဝန် ကို ထမ်းဆောင်ခဲ့ပါသေးတယ်။ ဒါ့အပြင် 'တရုတ်ဖြူကျူးကျော်မှုနှင့် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားကော်မတီ' ဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းရွက်ခဲ့ပါသေးတယ်။ ၁၉၆၃ ခုနှစ်မှာ ဆရာဟာ 'ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ' ရဲ့ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံခဲ့ရပါတယ်။

၁၉၅၂ ကနေ ၁၉၆၄ ကြားကာလမှာ မြန်မာ့နိုင်ငံရေး မုန်တိုင်းထန်ချိန်ဖြစ်ပါတယ်။ အဲဒီကာလ အတွင်း ဆရာဟာ သူ့ယုံကြည်ချက်ကို စာပေရေးသားမှုနဲ့ လူထုထံ တင်ပြခဲ့တဲ့အတွက် ဖဆပလ အစိုးရက ဖမ်းဆီးတာ ခံခဲ့ရပါတယ်။ ၁၉၅၂ ကနေ ၁၉၅၇ အထိ (၅) နှစ်တကြိမ်၊ ၁၉၅၉ ကနေ ၁၉၆၁ အထိ (၂) နှစ်တကြိမ် ထောင်ထဲမှာ (၇) နှစ် နေခဲ့ရပါတယ်။ စစ်အာဏာရှင် ဗိုလ်နေဝင်း ခေတ်မှာလည်း ၁၉၆၄ ကနေ ၁၉၇၁ အထိ (၇) နှစ် ထောင်ထဲမှာ နေခဲ့ရပြန်ပါတယ်။ ဒီတကြိမ် မှာတော့ ကိုကိုးကျွန်းထောင်မှာ (၅) နှစ်ကြာ နေခဲ့ရပါတယ်။ ဖဆပလအစိုးရ (၁၀) နှစ်သက်တမ်း ကာလမှာ ဗန်းမော်တင်အောင်ဟာ ထောင်ထဲမှာ (၇) နှစ် နေခဲ့ရပါတယ်။ စစ်အာဏာရှင်ထောင်မှာ လည်း ဆရာဟာ (၇) နှစ် နေခဲ့ရပါတယ်။ ဒါပေမယ့် ဖဆပလ အကျဉ်းထောင်ထဲမှာတုန်းကတော့ ဆရာဟာ စာတွေ တော်တော်ရေးခွင့် ရခဲ့ပါတယ်။ ဆရာ့ရဲ့ 'ဆိုရှယ်လစ်ဒီမိုကာကျမ်း' အမှာစာမှာ အခုလိုရေးသားထားတာ တွေ့ရပါတယ်။

'အကျဉ်းထောင်တွင်း၌ နေထိုင်ခဲ့ရစဉ်က ဆိုရှယ်လစ်ဝါဒနှင့် သက်ဆိုင်ရာ စာအုပ်စာတမ်း စံတော်ဝင်ကျမ်း အစောင်စောင်တို့ကို အပြင်အပမှ ဝိုင်းဝန်းကူညီ ရှာဖွေပေးခဲ့ကြသော ဦးဘဝင်းနှင့် ဦးမောင်မောင်၊ စာရေးဆရာ မောင်နေဝင်း၊ ဒဂုန်တာရာနှင့် မြသန်းတင့်၊ ဂျာမဏီပြန် ဦးတင် (ဗလစ)၊ ဝတ်လုံတော်ရများဖြစ်ကြသော ဦးထွန်းတင်၊ ဦးလှတင်နှင့် ဦးဘကျော်၊ ဦးအုန်းမြင့် (ကျော်လင်း) နှင့် ဦးကောင်း (ဒဂုန်) တို့အားငှင်း၊ အတွင်းမှဖြစ်ကြသော သခင်အုန်းမောင်၊ သခင် ဖေဌေး၊ သခင်ဘလှိုင်၊ ဗိုလ်မှူးချစ်ကောင်း၊ သခင်ကျော်စိန် (ပြည်သူ့စာပေ) နှင့် လူထုဦးလှတို့အား ငှင်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်လိမ့်မည် ထင်ပေသည်။'

ဆရာဟာ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် မျိုးဆက်သစ်လူငယ်တွေအတွက် ရည်စူးပြီး 'ကိုလိုနီ ခေတ် မြန်မာနိုင်ငံသမိုင်း' နဲ့ 'မြန်မာနိုင်ငံတော်သမိုင်း' (၂) အုပ်ကိုလည်း ရေးသွားခဲ့ပါသေးတယ်။ ခေတ်သစ်သိပ္ပံနဲ့ မိတ်ဆက်ပေးတဲ့ ရုပ်ကမ္ဘာ၊ သဘာဝတ္ထာ၊ အိုင်းစတိုင်းရဲ့ နှိုင်းရဓမ္မတို့လို စာအုပ်တွေ လည်း ရေးသွားခဲ့သေးတယ်။ ၁၉၆၀ ခုနှစ်မှာ ဗန်းမော်တင်အောင်ရဲ့ 'မမကြီး' ဝတ္ထုရှည်ကို အောင်လင်းရဲ့ 'အရိုင်းစပယ်' ဝတ္ထုနဲ့ ပူးတွဲပြီး စာပေဗိမာန် ဝတ္ထုရှည်ဆု ပေးခဲ့ပေမယ့် ဆရာက လက်မခံခဲ့ပါဘူး။ ဆုမယူခြင်းဖြင့် ဗိုလ်နေဝင်း စစ်အစိုးရကို ဆန့်ကျင်ကြောင်း ပြသလိုက်တာ ဖြစ်တယ်လို့ သိရပါတယ်။

ဆရာရေးခဲ့ ပြောခဲ့တဲ့ သမိုင်းအမြင်တွေထဲက မှတ်သားလောက်တဲ့ အမြင်တချို့ကို မှတ်မိ သလောက် တင်ပြချင်ပါတယ်။ ဆရာက အခုလိုဆိုပါတယ်။ 'လူငယ်တွေ ပထမဆုံး နှံ့စပ်အောင် လေ့လာဖို့ကောင်းတာကတော့ ကိုယ့်နိုင်ငံသမိုင်းပဲ။ ကိုယ့်လူမျိုး အတိတ်ကမှားခဲ့ဖူးတဲ့ အမှားတွေ ထပ်ပြီး မကျူးလွန်မိဖို့အတွက် သမိုင်းကို နှံ့စပ်ဖို့လိုတယ်။ ကနေ့ခေတ်မှာရှိနေတဲ့ သမိုင်းကျမ်း အတော်များများဟာ လက်တဆုပ်စာ လူတစုရဲ့ ရှုထောင့်ကနေ ကျဉ်းကျဉ်းမြောင်းမြောင်း ပြုစု ထားတာက များတယ်။ ဒီလိုပြောရင် ကိုယ့်သဘောနဲ့ကိုယ် သမိုင်းစာအုပ်တွေ ရေးနေကြသူတွေ က ကြိုက်ကြမှာမဟုတ်ဘူး။ မြန်မာ့သမိုင်းမှာ မြန်မာတွေက ကိုယ့်ကိုယ်ကို ဂုဏ်တင်ပြီး တခြား လူမျိုးတွေကို နှိမ်ချရေးထားတာတွေ ရှိတယ်။ မြန်မာရာဇဝင် အစောင်စောင်ဟာ ကိုယ့်လူမျိုး ကိုယ်ဂုဏ်တင်၊ သူများလူမျိုးကို နှိမ်ချ အဆိုးမြင်မှုတွေ လွှမ်းနေပါတယ်။ ဒီသမိုင်းအဟောင်း အဆွေးတွေကို အသေဆုပ်ကိုင် မထားသင့်တော့ဘူးလို့ ထင်ပါတယ်။ နိုင်ငံတခုအတွင်းမှာ လူမျိုးစု အချင်းချင်း တန်းတူညီမျှတဲ့ ဆက်ဆံရေး မတည်ဆောက်နိုင်သမျှ၊ လူမျိုးတိုင်း ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့် မရသမျှ၊ အဲဒီနိုင်ငံအတွင်းမှာ ပဋိပက္ခတွေ ဆက်ဖြစ်နေမှာပဲ။ ဒါကြောင့် ပြည်ထောင်စု သား အချင်းချင်း အထင်လွဲ စိတ်နာကျည်းစရာဖြစ်စေမယ့် သမိုင်းမျိုး စာသင်ကျောင်းတွေမှာ စာကြည့်တိုက်တွေမှာ ဆက်လက်မထားသင့်တော့ဘူးလို့ ထင်ပါတယ်။'

ဆရာ့အတွေးအခေါ် အယူအဆတွေဟာ ခေတ်ရှေ့ကို အများကြီးရောက်တာ တွေ့နိုင်ပါ တယ်။ ဒါပေမယ့် စစ်အာဏာရှင်တွေက ဆရာ့ရဲ့အယူအဆတွေ လူငယ်တွေကြား မပြန့်ပွားရေးကို အစွမ်းကုန် တားဆီးခဲ့ကြတယ်။ ဆရာ့ရဲ့အသက် လေးပုံတပုံဟာ ထောင်ထဲမှာ ကုန်ဆုံးခဲ့ရတယ်။ ထောင်ထဲကရလာခဲ့တဲ့ ကျန်းမာရေး ချို့ယွင်းမှုကြောင့်ပဲ ဆရာဟာ အသက်တိုခဲ့ရတယ်။

ဆရာ ဗန်းမော်တင်အောင်နဲ့ ထိတွေ့ဆက်ဆံဖူးသူတိုင်း မမေ့နိုင်တဲ့အချက်ကတော့ လူတဖက် သားအပေါ်မှာ အလွန်တရာ ယဉ်ကျေးပျူငှာ နှိမ့်နှိမ့်ချချနဲ့ ပြောဆိုဆက်ဆံလေ့ရှိတဲ့ အမူအရာပါပဲ။ လူတဖက်သားကို လေးလေးစားစား ဆက်ဆံတတ်တဲ့နေရာမှာ ဆရာ့လောက် စိတ်သဘောထား နူးညံ့သိမ်မွေ့ ပျော့ပျောင်းတဲ့သူမျိုး၊ ဆရာ့လောက် ယဉ်ကျေးချိုသာတဲ့သူမျိုးကို မတွေ့ဘူး သလောက်ပါပဲ။ ဆရာဟာ သတင်းစာဆရာကောင်းတယောက်ဖြစ်ချင်သူ ဖြစ်ပါတယ်။ စာပေ လွတ်လပ်ခွင့် ထိုက်ထိုက်လျောက်လျောက်ရှိတဲ့ အခြေအနေမျိုးအောက်မှာ လူထုအကျိုးစီးပွားကို

အကာအကွယ်ပေးနိုင်တဲ့ သတင်းစာသမားတယောက်ဖြစ်ဖို့ ဆရာ အားထုတ်ခဲ့ပေမယ့် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ဆိတ်သုဉ်းနေတဲ့ မြန်မာနိုင်ငံမှာ ဆရာ့မျှော်မှန်းချက် အကောင်အထည် မပေါ်ခဲ့ပါဘူး။

ဆရာ့ရဲ့ 'မြိုင်' ဝတ္ထုရှည်ကြီးဟာ ဆရာ့ဘဝအမှန် တစိတ်တဒေသနဲ့ ဆရာ့စိတ်ကူးထည်တွေ ပေါင်းစပ်မှုန်းခြယ်ထားတဲ့ အကောင်းဆုံးလက်ရာအဖြစ် ဆရာနဲ့ နီးစပ်သူအများစုက ပြောကြပါတယ်။ ဆရာနဲ့ ထဲထဲဝင်ဝင် ပေါင်းသင်းဆက်ဆံဖူးသူတိုင်းက ဆရာ့ရဲ့ ဖြူစင်ဖြောင့်မတ်မှု၊ ယဉ်ကျေးပျူငှာမှု၊ တဖက်သားကို ညှာတာထောက်ထားတတ်မှု၊ တိုင်းချစ်စိတ် ပြည်ချစ်စိတ် ထက်သန်လွန်းမှု၊ ယုံကြည်ချက်ခိုင်မာမှု၊ စွန့်လွှတ်အနစ်နာခံနိုင်မှု၊ ကိုယ်ကျိုးမရှာတတ်မှု အစရှိတဲ့ ဂုဏ်ပုဒ်တွေကို တညီတညွတ်ထဲ အသိအမှတ်ပြုကြပါတယ်။

ဆရာ့ရဲ့ လူသားဆန်လှတဲ့ ယဉ်ကျေးသိမ်မွေ့မှု အစုစုကို ဆရာ့ဝတ္ထုတွေမှာ အတိုင်းသား ထင်ဟပ်နေတာ တွေ့နိုင်ပါတယ်။ ဆရာနဲ့ တကြိမ်စကားပြောဖူးသူတိုင်း ဆရာ့ကို တသက်မမေ့နိုင်လောက်အောင် နှစ်လိုဖွယ်ကောင်းတဲ့ လူသားတယောက်အဖြစ် လက်ခံကြပါတယ်။ ဒါဟာ ဆရာ့ရဲ့ အလွန်ထူးခြားတဲ့ လက္ခဏာတရပ်ပါပဲ။

၁၉၇၈ ခုနှစ် အောက်တိုဘာလ (၂၃) ရက်နေ့ ည (၇) နာရီသာသာမှာ ဆရာ ဇန်းမော်တင်အောင်ဟာ ကင်ဆာရောဂါနဲ့ ရန်ကုန်ဆေးရုံကြီးမှာ ကွယ်လွန်ခဲ့ပါတယ်။ ဆရာ့မိဘတွေဟာ နှစ်ခြင်းခရစ်ယာန် ဘာသာဝင်များဖြစ်တဲ့အလျောက် ဆရာ့ရုပ်ကို ခရစ်ယာန်ထုံးတမ်း အစဉ်အလာနဲ့ သင်္ဂြိုဟ်ပါတယ်။ ဓမ္မဆရာတဦးက ဆရာ့ရဲ့ဂုဏ်ပုဒ်များကို လွမ်းဆွတ်ဖွယ်ရာ ဖော်ကျူး ဂုဏ်ပြုစကား ပြောကြားခဲ့ပါတယ်။

အဲဒီနေ့က ကြံတောသုသာန်မြေတခွင်လုံးမှာ ဆရာ့ကို ချစ်ခင်လေးစားကြတဲ့ ပရိသတ် လူပင်လယ်ကြီးနဲ့ ဖုံးလွှမ်းနေပါတယ်။ မျက်ရည်ကျတဲ့လူတွေ ရှိသလို၊ တက်တခေါက်ခေါက် ဖြစ်နေကြသူတွေလည်း အများအပြားပါပဲ။ ညနေ နေဝင်သွားချိန်အထိ ကြံတောသုသာန်ထဲမှာ ပရိသတ်တွေ ရာနဲ့ချီပြီး ကျန်ရှိနေပါသေးတယ်။ လူငယ်ပရိသတ်တချို့ဟာ ဆရာ့ကို မခွဲနိုင် မခွာရက် ဖြစ်နေခဲ့ကြပါတယ်။ ဆရာ့အုတ်ဂူနံဘေးမှာ ဝန်းရံပြီး ဦးညွတ်အလေးပြုနေကြတယ်၊ သန္နိဋ္ဌာန် ပြုနေကြတယ်။

လူငယ်မျိုးဆက်သစ်တွေအတွက် မမေ့လောက်တဲ့ အမှာစကားတရပ် ဆရာက ချန်ထားရစ်ခဲ့ပါတယ်။ အဲဒီအမှာစကားကတော့ "လူတယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှားနေတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူဘယ်လောက် သယ်ပိုးထမ်းရွက်ခဲ့တယ်ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ" တဲ့။

ဆရာမကြီး လူထု ဒေါ်အမာကတော့ ဇန်းမော်တင်အောင်ကို အခုလို မှတ်ချက်ပြုဖူးပါတယ်။

"ကိုတင်အောင်က လူတော်၊ တခေတ်တယောက် ထွန်းတောက်တဲ့ပုဂ္ဂိုလ်ပါ။ တိုးတက်ခေတ်မီတဲ့ အယူအဆရှိတဲ့ သူ့စာတွေကို လူကြိုက်များတာမို့ လူထုစာရေးဆရာလို့ ပြောနိုင်တယ်"

**(ဇန်းမော်တင်အောင် ကွယ်လွန်ခြင်း (၂၇) နှစ်မြောက် အမှတ်တရ)** ■